[ဂျပန်တွင်အလုပ်လုပ်ကိုင်မည့်နိုင်ငံခြားသားများအတွက်] ミャンマー語

# လုပ်ငန်းခွင်အာမခံတောင်းဆိုရန် အတွက်လမ်းညွှန်စာအုပ်

## <အပိုင်း 1>

### တောင်းဆိုခြင်း(လျှောက်ထားခြင်း)ပြုလုပ်နိုင်သည့်အာမခံ ထောက်ပံ့ကြေးများ

လုပ်ငန်းခွင်အာမခံသည်မည်သည့်နိုင်ငံသားမဆိုဂျပန်တွင်အလုပ်သမားအနေနှင့် လုပ်ကိုင်လျှက်ရှိသောနိုင်ငံခြားသားတိုင်းအတွက်အကျုံးဝင်သည်။ အလုပ်ဝင်နိုင်ခွင့်ရှိသော နေထိုင်ခွင့်အထောက်အထားရှိသူများမှစ၍ပညာသင်နေစဉ်အတွင်းအချိန်ပိုင်းအလုပ်လုပ်ကိုင်ကာ မတော်တဆမှုဖြစ်သည့် အခြေအနေမျိုးတွင်လည်း အကျုံးဝင်သည်။

ဤလမ်းညွှန်စာအုပ်တွင်နိုင်ငံခြားသားအလုပ်သမားများသည်လုပ်ငန်းခွင်အာမခံအရ လက်ခံနိုင်သည့်ထောက်ပံ့ကြေးအမျိုးအစားများနှင့်အကြောင်းအရာများအကြောင်းကို ရှင်းလင်းဖော်ပြထားသည်။

ထောက်ပံ့မှုခံယူရာတွင်လိုအပ်သောအသေးစိတ်အချက်နှင့်ပတ်သက်ပြီး လုပ်ငန်းခွင် စံချိန်စံညွှန်းကြီးကြပ်ရေးဌာနတွင်မေးမြန်းပါ။တဖန်မိမိနိုင်ငံသို့ ပြန်လျှင်လက်ခံရရှိခြင်း မပြုနိုင်သည့် ထောက်ပံ့ကြေးများလည်းရှိသောကြောင့်သတိပြုပါ။

[မာတိကာ]


- အလုပ်နှင့်အလုပ်အသွားအပြန်ကြောင့်ဒဏ်ရာရရှိခြင်း၊နာမကျန်းဖြစ်ခြင်း ........ P3
- အလုပ်နှင့်အလုပ်အသွားအပြန်ကြောင့်ဆွေမျိုးများသေဆုံးခြင်း .................... P7
- လုပ်ငန်းခွင်အာမခံထောက်ပံ့ကြေး ရယူလျက်ရှိသူ .................................. P10
- အခြားကိစ္စရပ်များ ................................................................................ P14
- မိမိနိုင်ငံပြန်ချိန်တွင်သတိပြုရမည့်အချက်များ ......................................... P16




ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လုပ်ငန်းခွင် စံချိန်စံညွှန်းရုံး လျော်ကြေးဌာနခွဲ

# လုပ်ငန်းခွင်အာမခံဟူသည်မှာ

လုပ်ငန်းခွင်အာမခံဟူသည်မှာအလုပ်သမားများမှုတာဝန်နှင့်အလုပ်အသွားအပြန်ကြောင့်ဒဏ်ရာရရှိခြင်း၊နာမကျန်းဖြစ်ခြင်း၊ သေဆုံးခြင်းများ ဖြစ်ပေါ်ရာတွင်ဆေးကုသစရိတ်စသည့်လိုအပ်သောအာမခံထောက်ပံ့ ကြေးများကိုပေးချေသည့်စနစ်ဖြစ်သည်။ နိုင်ငံခြားသားများလည်း ဂျပန်နိုင်ငံအတွင်းအလုပ်လုပ်နေစဉ်ဤအာမခံနှင့်အကျုံးဝင်သည်။

[အကြောင်းရင်း၊အကြောင်းပြချက်] [ထိခိုက်ဒဏ်ရာအမျိုးအစားများ] [အာမခံ]




*လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရခြင်းအတွက်ကျန်းမာရေးအာမခံအသုံးမပြုနိုင်ပါ။

【အသေးစိတ်အတွက်】


အတွဲ 2 · လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရခြင်း → စာမျက်နှာ 3

· အလုပ်ရှင်မတူသည့်တစ်ခုထက်ပိုသော လုပ်ငန်းခွင်များကြောင့် ထိခိုက်ဒဏ်ရာရခြင်း → စာမျက်နှာ 5


## လုပ်ငန်းခွင်အာမခံထောက်ပံ့ကြေးအမျိုးအစားများ

- ◆ ဆေးကုသမှု(လျော်ကြေး) အစရှိသည့်ထောက်ပံ့ငွေ : တာဝန်သို့မဟုတ်အလုပ်အသွားအပြန်ကြောင့်ဖြစ်ပွားသောထိခိုက်ဒဏ်ရာများ၊ နာမကျန်းဖြစ်ခြင်းများအတွက် ဆေးကုသမှုခံယူရာတွင်ရရှိသည့်ထောက်ပံ့ငွေ
- ◆ အနားယူခြင်း(လျော်ကြေး) အစရှိသည့်ထောက်ပံ့ငွေ : တာဝန်သို့မဟုတ်အလုပ်အသွားအပြန်ကြောင့် ဖြစ်ပွားသောထိခိုက်ဒဏ်ရာများ၊ နာမကျန်းဖြစ်ခြင်းများအတွက် အလုပ်လုပ်ကိုင်နိုင်ခြင်းမရှိပဲ လစာမရရှိသည့်အချိန်တွင်ရရှိသည့်ထောက်ပံ့ငွေ
- ◆ ထိခိုက်ဒဏ်ရာ(လျော်ကြေး) အစရှိသည့်နှစ်စဉ်ငွေ : တာဝန်သို့မဟုတ်အလုပ်အသွားအပြန်ကြောင့်ဖြစ်ပွားသောထိခိုက်ဒဏ်ရာများကိုကုသမှုစတင်ပြီးနောက် 1နှစ် 6လကြာသော်လည်း မပျောက်ကင်း(မသက်သာ)ဘဲ ထိခိုက်ဒဏ်ရာရခြင်း၊ ရောဂါရခြင်းအဆင့်အထိဖြစ်သွားပါက အကျုံးဝင်သောထောက်ပံ့ငွေ
- ◆ မသန်စွမ်းဖြစ်ခြင်း(လျော်ကြေး) အစရှိသည့်ထောက်ပံ့ငွေ : တာဝန်သို့မဟုတ်အလုပ်အသွားအပြန်ကြောင့်ဖြစ်သောထိခိုက်ဒဏ်ရာများပျောက်ကင်း(သက်သာပြီး) ရုပ်ပိုင်းဆိုင်ရာမသန်စွမ်းမှုကျန်ရှိခဲ့ချိန်တွင်ရရှိသော ထောက်ပံ့ငွေ
- ◆ ကျန်ရစ်သူမိသားစု(လျော်ကြေး) အစရှိသည့် ထောက်ပံ့ငွေ : အလုပ်သမားများသေဆုံးချိန်တွင်ရရှိသောထောက်ပံ့ငွေ
- ◆ နာရေးစရိတ် အစရှိသည့် (နာရေးကူငွေ): အလုပ်သမားတစ်ဦးသေဆုံးပြီးနာရေးကျင်းပရာတွင်ရရှိသော ထောက်ပံ့ငွေ
- ◆ ပြုစုစောင့်ရှောက်မှု(လျော်ကြေး) အစရှိသည့် ထောက်ပံ့ငွေ : မသန်စွမ်းဖြစ်ခြင်း (လျော်ကြေး) အစရှိသည့် ပင်စင်ငွေ သို့မဟုတ် ထိခိုက်ဒဏ်ရာ (လျော်ကြေး) အစရှိသည့် ပင်စင်ငွေများ၏ သတ်မှတ်ထားသော မသန်စွမ်းဖြစ်ခြင်းအလိုက်လက်ရှိတွင် ပြုစုစောင့်ရှောက်မှုခံယူခြင်းအတွက်ရရှိသောထောက်ပံ့ငွေ

# အလုပ်နှင့်အလုပ်အသွားအပြန်ကြောင့်ဒဏ်ရာရရှိခြင်း၊နာမကျန်းဖြစ်ခြင်း

**Q.** အလုပ်နှင့်အလုပ်အသွားအပြန်ကြောင့်ဒဏ်ရာရခြင်း၊နာမကျန်းဖြစ်ခြင်းများဖြစ်လျှင်ရောဂါကြောင့် ကုန်ကျသော စရိတ် (ဆေးကုသစရိတ်)သည်လုပ်ငန်းခွင်အာမခံငွေပေးချေပေးသလား။

①အလုပ်သမားဆေးရုံဆေးခန်းများ(နောင်တွင် "သတ်မှတ်ထားသော ဆေးရုံ ဆေးခန်း" ဟုရည်ညွှန်းသည်)တွင်အခြေခံအားဖြင့် အခမဲ့ဆေးကုသမှု ပြုလုပ်နိုင်သည်။

②သတ်မှတ်ထားသောဆေးရုံဆေးခန်းများတွင်မဟုတ်လျှင် ဆေးကုသစရိတ်ကို မိမိတာဝန်ဖြင့်ကျခံရလိမ့်မည်ဖြစ်ပြီးနောက်ပိုင်းတွင်ပြန်လည်လျှောက်ထား တောင်းဆိုခြင်းဖြင့် ကျခံခဲ့ရသော စရိတ်အားလုံးကိုထောက်ပံ့သည်။

③ဆေးရုံသို့ အသွားအပြန် ခရီးစရိတ်ကိုလည်း သတ်မှတ်အချက်များနှင့်ကိုက်ညီလျှင် ထောက်ပံ့သည်။

## ဆေးကုသမှုထောက်ပံ့ငွေ၊ ဆေးကုသစရိတ်ထောက်ပံ့ငွေ

**<တောင်းခံသည့်နည်းလမ်း>**

①အခြေအနေ ကာယကံရှင်မှ အလုပ်သမား စံချိန်စံညွှန်းများ စစ်ဆေးရေးရုံးသို့ သတ်မှတ်ထားသော ဆေးရုံဆေးခန်းများမှတဆင့် တောင်းခံလွှာတင်ပြပေးပါ။

②အခြေအနေ : ကာယကံရှင်မှ တိုက်ရိုက်လုပ်ငန်းခွင် စံချိန်စံညွှန်း ကြီးကြပ်ရေးဌာနထံ တောင်းခံလွှာတင်ပြပေးပါ။

**<သတိပြုရန်အချက်များ>**

အခြေအနေ ① နှင့် ② နှစ်ခုစလုံး ဖြစ်ခဲ့ပါကထိခိုက်ဒဏ်ရာများပျောက်ကင်း(သက်သာ)သည်အထိ လက်ခံရယူနိုင်သည်။

ကာလကန့် သတ်ချက်… ဆေးကုသစရိတ်ပေးချေသည့်နေ့တိုင်းအတွက်တောင်းဆိုခွင့်ရှိပြီးထိုနေ့ပြီးနောက် ရက်မှ2နှစ်(1အတွက်ကာလကန့် သတ်ချက်မရှိပါ)

### ဆေးရုံဆေးခန်းသို့အသွားအပြန်စရိတ်

**<ထောက်ပံ့မှုအကြောင်းအရာ>**

ဆေးရုံဆေးခန်းအသွားအပြန်တွင်လိုအပ်သောအမှန်တကယ်ကုန်ကျစရိတ်အတိအကျကိုထောက်ပံ့မည်။

**<ထောက်ပံ့ရန်အတွက်လိုအပ်သည်များ>**

အောက်ပါအချက်များနှင့်ကိုက်ညီပါက ထောက်ပံ့ငွေပေးအပ်သည်။

①အလုပ်သမားနေထိုင်ရာနေရာ သို့မဟုတ်လုပ်ငန်းခွင်မှ ဆေးရုံသို့အခြေခံအားဖြင့် အသွား(သို့မဟုတ်) အပြန်2kmအထက်ရှိခြင်း။

②အလုပ်သမားနေထိုင်ရာနေရာ သို့မဟုတ်လုပ်ငန်းခွင်နှင့် ထိုမြို့ရွာရှိသင့်တော်သော ဆေးရုံဆေးခန်းသို့ သွားရောက်ခဲ့ခြင်း (ခြွင်းချက်အနေဖြင့်ထိုမြို့ ရွာတွင်သင့်တော်သော ဆေးရုံဆေးခန်းမရှိပါကလည်း ထောက်ပံ့ရန် သဘောတူသည်မျိုးရှိသည်။)

**<တောင်းခံသည့်နည်းလမ်း>**

ကျေးဇူးပြု၍ကာယကံရှင်မှတိုက်ရိုက်လုပ်ငန်းခွင်စံချိန်စံညွှန်းကြီးကြပ်ရေးဌာနသို့တင်ပြခြင်း။

ကန့်သတ်ကာလ….ကုန်ကျစရိတ်ကျခံသည့်နေ့တိုင်းအတွက်တောင်းဆိုခွင့်ရှိကာထိုနေ့ပြီးနောက်ရက်မှ2နှစ်

**[အသေးစိတ်မှာ] အပိုင်း2** · ဆေးကုသမှု(လျော်ကြေး) အစရှိသည့်ထောက်ပံ့မှု၊ ဆေးကုသစရိတ်ထောက်ပံ့မှု → P14သို့
· ဆေးကုသမှု(လျော်ကြေး) အစရှိသည့်ထောက်ပံ့မှု၊ဆေးကုသစရိတ် တောင်းခံလွှာ → P37သို့

# ဒဏ်ရာနှင့်ရောဂါကုသမှုအတွက်ထောက်ပံ့မှုလုပ်ထုံးလုပ်နည်း

လုပ်ငန်းခွင်ဘေးအန္တရာယ်
ဖြစ်ပွားမှု

**သတ်မှတ်ထားသော ဆေးရုံဆေးခန်း**
တွင်ဆေးစစ်ခြင်း※1

လုပ်ငန်းရှင်မှတောင်းခံလွှာ※
2တွင် ထောက်ခံမှုရယူပါ

**သတ်မှတ်ဆေးရုံဆေးခန်းများထံတောင်းခံလွှာ**※2 တင်ပြခြင်း

**လုပ်ငန်းခွင်စံချိန်စံညွှန်း**
**ကြီးကြပ်ရေးဌာန**
မှတောင်းခံလွှာလက်ခံခြင်း

လုပ်ငန်းခွင်စံချိန်စံညွှန်းကြီးကြပ်
ရေးဌာနမှစစ်ဆေးခြင်း

သတ်မှတ်ဆေးရုံဆေးခန်းများထံ
ဆေးကုသစရိတ်ပေးချေခြင်း

**အခြားဆေးရုံဆေးခန်းများတွင်ဆေး**
စစ်ခြင်း※3

ဆေးရုံဆေးခန်းများထံဆေးကုသ
စရိတ်ပေးချေခြင်း
စသည်

ပြေစာများကဲ့သို့သော
အသုံးစရိတ်အထောက်အထားစာရွ
က်စာတမ်းများ ပူးတွဲပါ ။

**လုပ်ငန်းခွင်စံချိန်စံညွှန်း**
**ကြီးကြပ်ရေးဌာနထံ**
**တောင်းခံလွှာ**※4တင်ပြခြင်း

ပြေစာများကဲ့သို့သော
အသုံးစရိတ်အထောက်အထ
ားစာရွက်စာတမ်းများ
ပူးတွဲတင်ပြပါ ။

လိုအပ်သည်နှင့်
အညီတောင်းခံသူ၊
သက်ဆိုင်သူများထံ
စာရွက်စာတမ်းများ
တင်ပြစေခြင်း၊
မေးမြန်းခြင်းများ
ရှိနိုင်သည်။

လုပ်ငန်းခွင်စံချိန်စံညွှန်းကြီးကြပ်
ရေးဌာနမှစစ်ဆေးခြင်း

သတ်မှတ်ထားသောတောင်းခံသူ၏
ဘဏ်စာရင်းသို့ ငွေပေးချေခြင်း

တောင်းခံလွှာရရှိပြီးပေးချေရန်
မဆုံးဖြတ်မီအထိကာလမှာ
အကြမ်းဖျဉ်းအားဖြင့် 1လတာဖြစ်ပြီး
အခြေ အနေအရ 1လအထက်ကြာ
သည်လည်းရှိသည်။

※1 ထိခိုက်ဒဏ်ရာကုသမှုများကို ကုသပေးခြင်း (အခမဲ့)ဖြင့် ထောက်ပံ့မည်။
※2 ဆေးကုသမှုထောက်ပံ့ငွေတောင်းခံလွှာ (လုပ်ငန်းခွင်ဘေးအန္တရာယ်အလုပ်ရှင်မဟုတ်သည့် တစ်ခုထက်ပိုသော လုပ်ငန်းခွင်များကြောင့် ထိခိုက်ဒဏ်ရာရခြင်းအတွက် ပုံစံနံပါတ်5ဖြစ်ပြီး အလုပ်အသွားအပြန် ဘေးအန္တရာယ်အတွက် ပုံစံနံပါတ် 16၏ 3ဖြစ်သည်။)

※3 ဆေးကုသစရိတ်ကို ထောက်ပံ့ မည်။
※4 ဆေးကုသမှုစရိတ် ထောက်ပံ့ ကြေးတောင်းခံလွှာ (လုပ်ငန်းခွင်ဘေးအန္တရာယ်အလုပ်ရှင်မဟုတ်သည့် တစ်ခုထက်ပိုသောလုပ်ငန်းခွင်များကြောင့် ထိခိုက်ဒဏ်ရာရခြင်းအတွက်ပုံစံမှာ နံပါတ်7ဖြစ်ပြီး အလုပ်အသွားအပြန် ဘေးအန္တရာယ်အတွက်ပုံစံနံပါတ် 16၏ 5ဖြစ်သည်။)

အလုပ်အသွားအပြန်အတွက်မှုတောင်းခံလွှာအပြင်ပုံစံနံပါတ်16 (ပူးတွဲ)အလုပ်အသွားအပြန်ဘေးအန္တရာယ်ကြုံခြင်းဆိုင်ရာ အချက်များကိုတင်ပြရန်လိုအပ်သည်။

**Q.** အလုပ်လုပ်နေစဉ်သို့ မဟုတ်အလုပ်အသွားအပြန်ချိန်တွင်မတော်တဆမှုများကြောင့် ဖြစ်သောဒဏ် ရာကိုကုသရန်အတွက်အလုပ်မှခွင့်ယူလျှင်ထိုအတွက်လျော်ကြေးရရှိနိုင်သလား။

ဆေးကုသရန်အတွက်အလုပ်မှခွင့်ယူပြီးလစာမရသည့်အခါမျိုးတွင်ခွင့်ရက်(လျော်ကြေး) အစရှိသည့် ထောက်ပံ့ငွေကိုရယူနိုင်သည်။
·အချိန်... ခွင့်ယူပြီး၄ရက်မြောက်နေ့မှ
· ပမာဏ...1ရက်စာအတွက်ထောက်ပံ့မှုအခြေခံနေ့စဉ် စရိတ်(※)၏80%
(အာမခံထောက်ပံ့ငွေ60%+အထူးထောက်ပံ့ငွေ20%)

※တစ်ရက်စာအခြေခံထောက်ပံ့ငွေ"သည်အကြောင်းရင်း ဖြစ်သည့်မတော်တဆမှုမဖြစ်မီ 3လစာလုပ်ခလစာကိုပြက္ခဒိန်ရက်ဖြင့် စားခြင်း(ပျမ်းမျှလုပ်ခလစာ)ဖြစ်သည်။

(ဥပမာ 1)လစာ1လ200,000ယန်း(လစာပေးချေရန်ရက်သည်လတိုင်းလကုန်ရက်)ဖြစ်ပြီးအောက်တိုဘာလတွင်မတော်တဆမှုဖြစ်လျှင်
200,000ယန်းx3092ရက် ဇူလိုင်လ(31ရက်)+ဩဂုတ်လ(31ရက်)+စက်တင်ဘာလ(30ရက်)] =6,522ယန်း%80=5,217ယန်း
ခွင့်ရက်ရက်အတွက်တစ်ရက်စာအခြေခံထောက်ပံ့ငွေပမာဏ၏80%ဖြစ်သော5,217ယန်းထောက်ပံ့သည်။
≒ 6,522ယန်း 6,522ယန်း%80=5,217ယန်း
→ ခွင့်ရက်ရက်အတွက်တစ်ရက်စာအခြေခံထောက်ပံ့ငွေပမာဏ၏80%ဖြစ်သော5,217ယန်းထောက်ပံ့သည်။

(ဥပမာ 2) အလုပ်သမား တစ်ဦးသည် ကုမ္ပဏီနှစ်ခုတွင် အလုပ်လုပ်နေပြီး ကုမ္ပဏီ A မှ တစ်လ လစာ ယန်း 200,000 နှင့် ကုမ္ပဏီ B မှ တစ်လ လစာ ယန်း 100,000 (လစာ ပေးချေရန်ရက်သည် လတိုင်းလကုန်ရက်) ဖြစ်ပြီး ဇူလိုင်လတွင် မတော်တဆမှု ဖြစ်ပွားလျှင်၊
ကုမ္ပဏီ A တစ်ရက်စာ အခြေခံ ထောက်ပံ့ငွေပမာဏ
(ယန်း 200,000) x 3 လ ÷ 91 ရက် [ဧပြီလ (ရက် 30) + မေလ (31 ရက်) + ဇွန်လ (ရက် 30) = 6,593.40 ယန်း
ကုမ္ပဏီ B တစ်ရက်စာ အခြေခံ ထောက်ပံ့ငွေပမာဏ
(ယန်း 100,000) x 3 လ ÷ 91 ရက် [ဧပြီလ (ရက် 30) + မေလ (31 ရက်) + ဇွန်လ (ရက် 30) = 3,296.70 ယန်း
6,593.40 ယန်း + 3,296.70 ယန်း ≒ 9,891 ယန်း
9,891 ယန်း x 80% ≒ 7,912 ယန်း
→ ခွင့်ရက် 1 ရက်အတွက် တစ်ရက်စာ အခြေခံ ထောက်ပံ့ငွေပမာဏ၏ 80% ဖြစ်သော 7,912 ယန်း ထောက်ပံ့သည်။

## ခွင့်ရက်(လျော်ကြေး)အစရှိသည့်ထောက်ပံ့ငွေ

<ထောက်ပံ့ရန်လိုအပ်ချက်များ>
① မှ ③ရှိအချက်များအားလုံးနှင့်ကိုက်ညီရမည်။
① တာဝန်ကြောင့်သို့မဟုတ်အလုပ်အသွားအပြန်ကြောင့် ဖြစ်ပေါ်သောဒဏ်ရာနှင့်ရောဂါများကိုကုသခြင်း
② အလုပ်မလုပ်ကိုင်နိုင်ခြင်း။
③ ဒီလုပ်ခလစာမရရှိခြင်း။
<ထောက်ပံ့မှုအကြောင်းအရာ>
ခွင့်ရက်4ရက်မြောက်နေ့မှစတင်၍ခွင့်ရက်1ရက်စီအတွက်တစ်ရက်စာ အခြေခံထောက်ပံ့ငွေပမာဏ၏ 80% (အာမခံကြေးထောက်ပံ့ငွေ60%+အထူးထောက်ပံ့ငွေ20%)ကိုထောက်ပံ့မည်။ တစ်ခုထက်ပိုသောလုပ်ငန်းခွင်ကြောင့် ထိခိုက်ဒဏ်ရာရခြင်း ဖြစ်လျှင် လုပ်ငန်းခွင်များ၏ စုစုပေါင်းနှင့် ညီမျှသော တစ်ရက်စာ အခြေခံထောက်ပံ့ငွေပမာဏ၏ 80% (အာမခံကြေးထောက်ပံ့ငွေ 60% + အထူးထောက်ပံ့ငွေ 20%) ကို ထောက်ပံ့မည်။
<တောင်းခံရန်နည်းလမ်း>
ကျေးဇူးပြု၍ကာယကံရှင်မှတိုက်ရိုက်လုပ်ငန်းခွင်စံချိန်စံညွှန်းကြီးကြပ်ရေးဌာနထံတောင်းခံခြင်း။
<သတိပြုရန်>
ခွင့်ရက်စသည့်နေ့မှ 3ရက်မြောက်နေ့ ရောက်သည်ထိအတွက်လုပ်ငန်းခွင်အာမခံမှမထောက်ပံ့ပါ။
ထိုကာလသည်လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရမှုဖြစ်လျှင်လုပ်ငန်းရှင်မှာခွင့်ရက်လျော်ကြေး (1ရက်လျှင်ပျမ်းမျှ လုပ်ခလစာ၏ 60%)ကိုပေးချေရမည်။
သို့သော် တစ်ခုထက်ပိုသော လုပ်ငန်းခွင်ကြောင့် ထိခိုက်ဒဏ်ရာရခြင်းနှင့် အလုပ်အသွားအပြန်ကြောင့် ထိခိုက်ဒဏ်ရာရခြင်း ဖြစ်ခဲ့လျှင် အလုပ်ရှင်မှ လျော်ကြေးပေးရန် တာဝန်ရှိသည်ဟူသော ဥပဒေအရ သတ်မှတ်ပြဋ္ဌာန်းထားခြင်း မရှိပါ။

ကန့်သတ်ကာလ....လုပ်ခလစာမရရှိသည့်ရက်တိုင်းအတွက်တောင်းဆိုပိုင်ခွင့်ရှိပြီးထိုနေ့ပြီးနောက်ရက်မှ 2နှစ်

[အသေးစိတ်မှာ]အပိုင်း2 · ခွင့်ရက်(လျော်ကြေး) အစရှိသည့် ထောက်ပံ့ငွေ → P16သို့
· ခွင့်ရက်(လျော်ကြေး) အစရှိသည့် ထောက်ပံ့ငွေတောင်းခံလွှာ → P41သို့

# ခွင့်ရက်(လျော်ကြေး)အစရှိသည့်ထောက်ပံ့ငွေလက်ခံရန်လုပ်ထုံးလုပ်နည်း

လုပ်ငန်းခွင်အန္တရာယ်
ဖြစ်ပွားမှု

ဆရာဝန်၊လုပ်ငန်းရှင်ထံမှ
လျှောက်ထားလွှာအတွက်ထော
က်ခံချက်ရယူပါ။

**လျှောက်ထားလွှာ**ကိုလုပ်ငန်းခွင်စံချိန်စံညွှန်းကြီးကြပ်ရေး
ဌာနထံလျှောက်ထားခြင်း

2ကြိမ်မြောက်နောက်ပိုင်း
လျှောက်ထားချက်သည်
အလုပ်ထွက်ပြီးနောက်
ဖြစ်ခဲ့လျှင် လုပ်ငန်းရှင်၏
ထောက်ခံချက်မလိုပါ။

လုပ်ငန်းခွင်စံချိန်စံညွှန်းကြီးကြပ်ရေး
ဌာနမှစစ်ဆေးခြင်း။

လိုအပ်သည်နှင့်အညီ
လျှောက်ထားသူနှင့်
သက်ဆိုင်သူများ
ထံမှစာရွက်စာတမ်း
များတောင်းခံခြင်းနှင့်
မေးမြန်းခြင်းများ
ပြုလုပ်နိုင်သည်။

- တာဝန်ကြောင့်ထိခိုက်ဒဏ်ရာရခြင်းသို့မဟုတ် ရောဂါ
  ဖြစ်ပွားခြင်းဟုတ်မဟုတ်။
- ခွင့်ရက်လိုမလို။
- အာမခံထောက်ပံ့ငွေပမာဏတွက်ချက်သတ်မှတ်ခြင်းများ

ထောက်ပံ့ရန်၊မထောက်ပံ့ရန်ဆုံးဖြတ်ခြင်း

တောင်းခံလွှာရရှိပြီးေ
ပးချေရန်မဆုံးဖြတ်မီ
အထိကာလမှာ
**အကြမ်းဖျဉ်းအားဖြင့်1
လတာ**ဖြစ်ပြီး
အခြေအနေအရ
**1လအထက်ကြာသ
ည်လည်း**ရှိသည်။

လျှောက်ထားသောကာယကံရှင်ထံသို့ ထောက်ပံ့ရန်
(မထောက်ပံ့ရန်)ဆုံးဖြတ်ချက် ကိုအသိပေးခြင်း

ညွှန်ကြားထားသောဘဏ်စာရင်းသို့
အာမခံထောက်ပံ့ငွေပေးချေခြင်း

ခွင့်ရက်(လျော်ကြေး)အစရှိသည့်
ထောက်ပံ့ငွေ လျှောက်ထားလွှာ
(လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိချိန်
အလုပ်ရှင်မတူသည့်တစ်ခုထက်ပိုေ
သာ လုပ်ငန်းခွင်များကြောင့်
ထိခိုက်ဒဏ်ရာရခြင်း တွင်
ပုံစံနံပါတ်8ဖြစ်ပြီး အလုပ်အသွား
အပြန်ထိခိုက်ဒဏ်ရာရရှိချိန်တွင်ပုံစံနံ
ပါ6၏16ဖြစ်သည်)

# တာဝန်နှင့်အလုပ်အသွားအပြန်ကြောင့်ဆွေမျိုးများဆုံးပါးသော်

**Q.** တာဝန်နှင့်အလုပ်အသွားအပြန်ကြောင့်အလုပ်သမားဆုံးပါးခဲ့သော်မိသားစုသည်မည်သည့်လျော်ကြေးငွေကိုလက်ခံရမည်ဖြစ်ပါသလဲ။

① ကျန်ရစ်သူမိသားစု(လျော်ကြေး) အစရှိသည့် ထောက်ပံ့ငွေ သို့ မဟုတ် တလုံးတခဲတည်း ပေးငွေ၊ နာရေးစရိတ်စသည်(နာရေးကူငွေ)များကိုလက်ခံနိုင်သည်။

② ဆေးကုသမှု(လျော်ကြေး)အစရှိသည့်ထောက်ပံ့ငွေ၊နားရက် (လျော်ကြေး)အစရှိသည့်ထောက်ပံ့ငွေ လက်မခံရသေးမီသေဆုံးသွားသောအခါ ထိုမပေးချေရသေးသည်များကိုကျန်ရစ်သူမိသားစုမှလက်ခံနိုင်သည်။

ကျန်ရစ်သူမိသားစု(လျော်ကြေး)အစရှိသည့်ထောက်ပံ့ငွေ၊ ကျန်ရစ်သူမိသားစု(လျော်ကြေး)အစရှိသည့် ပင်စင်၊ ကျန်ရစ်သူမိသားစု(လျော်ကြေး)အစရှိသည့်တလုံးတခဲတည်းပေးငွေ

**Oကျန်ရစ်သူမိသားစု(လျော်ကြေး)ပင်စင်ငွေ**

**<လျှောက်ထားပိုင်ခွင့်ရှိသောကျန်ရစ်သူမိသားစု>**

ဝန်ထမ်းသေဆုံးရာတွင် ထိုအချိန်ရှိဝန်ထမ်း၏လုပ်ခလစာဖြင့် နေထိုင်စားသောက်နေသောမိခိုသူ၊သားသမီး၊မိဘ၊မြေးအဘိုးအဘွား၊သားချင်းများဖြစ်သည်။ သို့သော်ဇနီးမှလွဲ၍ ကျန်ရစ်သူမိသားစုသည် ဝန်ထမ်းသေဆုံးသောအခါတွင် သတ်မှတ်ထားသော သက်ကြီးရွယ်အိုသို့မဟုတ်ငယ်ရွယ်သူ သို့မဟုတ်မသန်စွမ်းသူဖြစ်နေရန်လိုအပ်သည်။

<သက်ဆိုင်ရာအာမခံထောက်ပံ့မှုများ>မပေးချေရသေးသောအာမခံထောက်ပံ့ငွေများ၊အထူးထောက်ပံ့ငွေများ၊ဂန်ထမ်းပညာသင်စရိတ်ထောက်ပံ့ငွေများ၊ဂန်ထမ်းကလေးစရိတ်ထောက်ပံ့ငွေများ

**<ထောက်ပံ့မှုအကြောင်းအရာ>**

လက်ခံယူပိုင်ခွင့်ရှိသူများအနက်ဦးစားပေးပထမအဆင့်ရှိသူနှင့်ပတ်သက်ပြီးကျန်ရစ်သူမိသားစုအရေအတွက်အပေါ်လိုက်၍အောက်ပါအတိုင်းထောက်ပံ့သည်။

| ကျန်ရစ်သူမိသားစု | ကျန်ရစ်သူမိသားစု(လျော်ကြေး)အစရှိသည့် ပင်စင်ငွေ | ကျန်ရစ်သူမိသားစုအထူးထောက်ပံ့ငွေ(တလုံးတခဲတည်းပေးငွေ) | ကျန်ရစ်သူမိသားစုအထူးပင်စင်ငွေ |
|---|---|---|---|
| 1ဦး | တစ်ရက်စာအခြေခံတွက်ချက်မှုပမာဏ၏153စာ(သို့သော်ထိုကျန်ရစ်သူမိသားစုတွင်အသက်55နှစ်အထက်ဇနီးသို့မဟုတ်သတ်မှတ်ထားသော မသန်စွမ်းအခြေအနေတွင်ရှိသည့်ဇနီးရှိလျှင်တစ်ရက်စာအခြေခံထောက်ပံ့ငွေ175ရက်စာ) | 3,000,000ယန်း | တစ်ရက်စာအခြေခံတွက်ချက်မှုပမာဏ၏153စာ(သို့သော်ထိုကျန်ရစ်သူမိသားစုတွင်အသက်55နှစ်အထက်ဇနီးသို့မဟုတ်သတ်မှတ်ထားသော မသန်စွမ်းအခြေအနေတွင်ရှိသည့်ဇနီးရှိလျှင် 175ရက်စာ) |
| 2ဦး | တစ်ရက်စာအခြေခံထောက်ပံ့ငွေပမာဏ၏201ရက်စာ | | တစ်ရက်စာအခြေခံတွက်ချက်မှုပမာဏ၏201ရက်စာ |
| 3ဦး | တစ်ရက်စာအခြေခံထောက်ပံ့ငွေပမာဏ၏223ရက်စာ | | တစ်ရက်စာအခြေခံတွက်ချက်မှုပမာဏ၏223ရက်စာ |
| 4ဦး အထက် | တစ်ရက်စာအခြေခံထောက်ပံ့ငွေပမာဏ၏245ရက်စာ | | tတစ်ရက်စာအခြေခံတွက်ချက်မှုပမာဏ၏245ရက်စာ |

※တစ်ရက်စာအခြေခံတွက်ချက်မှုပမာဏနှင့်ပတ်သက်ပြီး -> အပိုင်း2 P9သို့

**<တောင်းခံရန်နည်းလမ်း>**

ကျေးဇူးပြု၍ ကျန်ရစ်သူမိသားစုသည်လုပ်ငန်းခွင်စံချိန်စံညွှန်းကြီးကြပ်ရေးဌာနထံသို့ တိုက်ရိုက်တောင်းခံနိုင်သည်။

**Oကျန်ရစ်သူမိသားစု(လျော်ကြေး) အစရှိသည့်တလုံးတည်း ပေးငွေ**

<ထောက်ပံ့မှုခံယူရန်လိုအပ်ချက်များအကြောင်းအရာများ>

･အလုပ်သမားသေဆုံးချိန်တွင်ကျန်ရစ်သူမိသားစု (လျော်ကြေး) အစရှိသည့် ပင်စင်ငွေကိုလက်ခံယူခွင့်ရှိသည့် ကျန်ရစ်သူမိသားစု မရှိသည့်အခါ တစ်ရက်စာအခြေခံထောက်ပံ့ငွေပမာဏ1000ရက်စာ၊ ကျန်ရစ်သူမိသားစုအထူးထောက်ပံ့ငွေပမာဏ 3,060,000ယန်း၊ တစ်ရက်စာအခြေခံတွက်ချက်မှု ပမာဏ1000ရက်စာသည်သေဆုံးသွားသောအလုပ်သမား၏ ဆွေမျိုးများအနက်ပထမဦးစားပေးပုဂ္ဂိုလ်ထံပေးအပ်မည်ဖြစ်သည်။

･ကျန်ရစ်သူမိသားစု(လျော်ကြေး) အစရှိသည့် ပင်စင်ငွေလက်ခံပိုင်ခွင့်ရှိ သူများအားလုံးမရှိကြသောအခါထောက်ပံ့ငွေလက်ခံခွင့်ရှိသည့်ကျန်ရစ်သူမိသားစုဝင်အားလုံးအားပေးချေမည့်ပင်စင်ငွေပမာဏနှင့်ကျန်ရစ်သူမိသားစု(လျော်ကြေး) အစရှိသည့် ပင်စင်ငွေကြိုတင်ပေးချေသည့်တလုံးတခဲတည်းပေးငွေစုစုပေါင်းပမာဏသည်တစ်ရက်စာအခြေခံထောက်ပံ့ငွေပမာဏနှင့် တစ်ရက်စာ အခြေခံတွက်ချက်မှုပမာဏ၏ 1000ရက်စာမပြည့်မီသည့်အခါ

→တစ်ရက်စာအခြေခံထောက်ပံ့ငွေပမာဏ၏1000ရက်စာနှင့် တစ်ရက်စာအခြေခံတွက်ချက်မှုပမာဏ1000ရက်စာမှ ပေးချေပြီး ဖြစ်သောကျန်ရစ်သူ မိသားစု(လျော်ကြေး)ပင်စင်ငွေစသောစုစုပေါင်းပမာဏကိုနှုတ်ပြီးကျန်ငွေကို ပထမဦးစားပေးပုဂ္ဂိုလ်ဖြစ်သော်ကျန်ရစ်သူမိသားစုထံပေးအပ်သည်။

<တောင်းခံရန်နည်းလမ်း>

ကျေးဇူးပြု၍ ကျန်ရစ်သူမိသားစုမှလုပ်ငန်းခွင်စံချိန်စံညွှန်းကြီးကြပ်ရေးဌာနထံသို့ တိုက်ရိုက်တောင်းခံလွှာပေးပို့ခြင်း။

ကန့်သတ်ကာလ..........နစ်နာသူသေဆုံးသောနေ့၏နောက်ရက်မှ 5နှစ်

**[အသေးစိတ်မှာ] အပိုင်း2**


･ ကျန်ရစ်သူမ္မိသားစု(လျော်ကြေး) အစရှိသည့် ထောက်ပံ့ငွေ → P26သို့

･ ကျန်ရစ်သူမိသားစု(လျော်ကြေး) အစရှိသည့် ထောက်ပံ့မှုတောင်းခံလွှာ → P45သို့

# ကျန်ရစ်သူမိသားစု(လျော်ကြေး) အစရှိသည့် ထောက်ပံ့ငွေ လက်ခံရန်အတွက်လုပ်ထုံးလုပ်နည်းများ

လုပ်ငန်းခွင်ဘေးအန္တရာယ် ဖြစ်ပွားခြင်း

↓

အလုပ်သမားသေဆုံးခြင်း

↓

လုပ်ငန်းရှင်ထံမှ<u>တောင်း ခံလွှာ</u>တွင်ထောက်ခံချက်ရယူပါ။

ကျန်ရစ်သူမိသားစုမှ**<u>တောင်းခံလွှာ</u>**နှင့်**<u>ပူးတွဲစာရွက်စာ တမ်းများ</u>**ကို လုပ်ငန်းခွင် စံချိန်စံညွှန်းကြီးကြပ်ရေး ဌာနထံတွင်တင်ပြခြင်း။

**<ပူးတွဲစာရွက်စာတမ်း>**

Oသေဆုံးသူဆေးစစ်ချက်
Oသေဆုံးသူနှင့်ပတ်သက်ပုံကို သက်သေပြသည့်စာရွက်စာတမ်း (အိမ်ထောင်စုစာရင်း၊ မိတ္တူစသဖြင့်※)
Oသေဆုံးသူ၏ဝင်ငွေနှင့်နေထိုင်စား သောက်နေကြောင်းသိသာ ထင်ရှားနိုင်သည့်အရာများ
※နိုင်ငံအလိုက်သက်ဆိုင်ရာစာရွက်စာတမ်းများမရှိသော် သေဆုံးသူနှင့်သွေးသားတော်စပ် ကြောင်းအထားပြနိုင်သောအရာများ

↓

လုပ်ငန်းခွင်စံချိန်စံညွှန်းကြီးကြပ်ရေးဌာနမှ စစ်ဆေးခြင်း။

ο သေဆုံးရသည့်အကြောင်းရင်းသည်အလုပ်တာဝန် ကြောင့်ဟုတ်မဟုတ်။
ο လက်ခံရပိုင်ခွင့်ရှိသူ၏လက်ခံအသိအမှတ်ပြုခြင်း
ο အာမခံထောက်ပံ့ငွေတွက်ချက်သတ်မှတ်ခြင်း စသဖြင့်

↓

ထောက်ပံ့ရန်၊ မထောက်ပံ့ရန်ဆုံးဖြတ်ခြင်း

တောင်းခံလွှာရရှိပြီးပေးချေရန် မဆုံးဖြတ်မီ အထိကာလမှာ <u>အကြမ်းဖျဉ်းအားဖြင့်4လတာ</u>ဖြစ်ပြီး အခြေအနေအရ <u>4လထက်ကြာသည်လည်း</u>ရှိသည်။

↓

လျှောက်ထားသူထံထောက်ပံ့ခြင်းပြုမပြု ဆုံးဖြတ်ချက်အသိပေးခြင်း

သတ်မှတ်ထားသောဘဏ်စာရင်းသို့ အာမခံထောက်ပံ့ငွေပေးချေခြင်း

· ကျန်ရစ်သူမိသားစု(လျော်ကြေး)အစရှိသည့် ပင်စင်ငွေထောက်ပံ့ငွေလျှောက်ထားလွှာ (လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရရှိခြင်း အလုပ်ရှင်မတူသည့်တစ်ခုထက်ပိုသော လုပ်ငန်းခွင်များကြောင့် ထိခိုက်ဒဏ်ရာရခြင်း ဖြစ်လျှင်ပုံစံနံပါတ်12ဖြစ်ပြီး အလုပ်အသွားအပြန် ဘေးအန္တရာယ်ဖြစ်လျှင် ပုံစံနံပါတ် 16၏ 8 ဖြစ်သည်။)
· ကျန်ရစ်သူမိသားစု(လျော်ကြေး) အစရှိသည့် တလုံးတခဲတည်းပေးငွေ လျှောက်ထားလွှာ (လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရရှိခြင်း အလုပ်ရှင်မတူသည့်တစ်ခုထက်ပိုသော လုပ်ငန်းခွင်များကြောင့် ထိခိုက်ဒဏ်ရာရခြင်း ဖြစ်လျှင်ပုံစံနံပါတ်15ဖြစ်ပြီး အလုပ်အသွားအပြန် ဘေးအန္တရာယ်ဖြစ်လျှင် ပုံစံနံပါတ် 16၏ 9 ဖြစ်သည်။)

※အခြားလိုအပ်သည့်စာရွက်စာတမ်းများကိုတင်ပြ စေသည်များလည်း ရှိသည်။

## နာရေးစရိတ် အစရှိသည့်(နာရေးကူငွေ)

<ထောက်ပံ့ရန်လိုအပ်ချက်များ>

ကျန်ရစ်သူမိသားစုများမှနာရေးကျင်းပချိန်သို့ မဟုတ်သေဆုံးသွားသောအလုပ်သမား၏ကုမ္ပဏီတွင်နာရေးကျင်းပချိန်တွင်နာရေးကျင်းပသူထံပေးချေရမည်။

<ထောက်ပံ့မှုအကြောင်းအရာ>

① 315,000ယန်း+တစ်နေ့စာအခြေခံထောက်ပံ့ငွေ ပမာဏ၏30ရက်စာ

② ①ရှိပမာဏသည်တစ်နေ့စာအခြေခံထောက်ပံ့ငွေ ပမာဏ၏ ရက်60စာမပြည့်လျှင် တစ်နေ့စာအခြေခံထောက်ပံ့ငွေပမာဏ၏60ရက်စာ

<တောင်းခံသည့်နည်းလမ်း>

ကျေးဇူးပြု၍ကျန်ရစ်သူမိသားစုများသည်လုပ်ငန်းခွင်စံချိန်စံညွှန်းကြီးကြပ်ရေးဌာနထံလျှောက်ထားလွှာတင်ပြ ရမည်။

### ကန့်သတ်ကာလ…နစ်နာသူသေဆုံးပြီးနောက်နေ့မှာ2နှစ်

**[အသေးစိတ်မှာ] အပိုင်း2**

**. နာရေးစရိတ် အစရှိသည့် (နာရေးကူငွေ) → P32**
**. နာရေးစရိတ် အစရှိသည့် (နာရေးကူငွေလျှောက်ထားလွှာ → P49**

**Q.** မသေဆုံးမီတွင်ဆေးကုသခြင်းနှင့်အလုပ်မှအနားယူခြင်းများပြုလုပ်ပြီးလုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှုအာမခံထောက်ပံ့ငွေလက်ခံနိုင်ခဲ့သူသည် လက်မခံရသေးမီသေဆုံးခဲ့သော် တစ်ယောက်ယောက်မှအစားထိုးလက်ခံနိုင်ပါသလား။

↓

အာမခံငွေထောက်ပံ့မှုလက်ခံပိုင်ခွင့်ရှိသူသေဆုံးသွားသောအခါထိုသေဆုံးသွားသူထံ

① ထောက်ပံ့ရန်အကြောင်းရင်းထွက်ပေါ်လာသော်လည်း မလျှောက်ထားရသေးသောအာမခံထောက်ပံ့ငွေ

② လျှောက်ထားပြီးဖြစ်သော်လည်း ထောက်ပံ့ရန်မဆုံးဖြတ်ရသေးသောအာမခံထောက်ပံ့ငွေ

③ ထောက်ပံ့ရန်သတ်မှတ်ပြီးဖြစ်သော်လည်း မပေးချေရသေးသောအာမခံထောက်ပံ့ငွေရှိသောအခါ ထိုပုဂ္ဂိုလ်၏ကျန်ရစ်သူမိသားစုဖြစ်ပြီးသတ်မှတ်အချက်များနှင့်ကိုက်ညီသူမှအာမခံထောက်ပံ့ငွေနှင့်အထူးထောက်ပံ့ငွေများကိုလက်ခံယူနိုင်သည်။
(မပေးချေရသေးသောအာမခံထောက်ပံ့ငွေ)

မပေးချေရသေးသောအာမခံထောက်ပံ့ငွေ၊ အထူးထောက်ပံ့ငွေ

<သက်ဆိုင်ရာအာမခံထောက်ပံ့ငွေများ>
ဆေးကုသမှု(လျော်ကြေး) အစရှိသည့် ထောက်ပံ့ငွေ၊ ခွင့်ရက်(လျော်ကြေး) အစရှိသည့် ထောက်ပံ့ငွေ၊ မသန်စွမ်းဖြစ်ခြင်း (လျော်ကြေး) အစရှိသည့် ထောက်ပံ့ငွေ၊ ထိခိုက်ဒဏ်ရာရရှိမှု (လျော်ကြေး) အစရှိသည့် ပင်စင်ငွေ၊ ကျန်ရစ်သူမိသားစု (လျော်ကြေး)ထောက်ပံ့ငွေ

**<လျှောက်ထားပိုင်ခွင့်ရှိသောကျန်ရစ်သူမိသားစု>**

①နှင့်②ရှိအချက်အလက်များနှင့်ကိုက်ညီလျှင်လျှောက်ထားနိုင်သည်။
①သေဆုံးသွားသောလက်ခံပိုင်ခွင့်ရှိသူ၏ အိမ်ထောင်ဖက်၊သားသမီးမိဘ၊အဘိုးအဘွားနှင့်မောင်နှမ
②လက်ခံပိုင်ခွင့်ရှိသူသည်ထိုပုဂ္ဂိုလ်သေဆုံးချိန်တွင်၎င်း၏ငွေနှင့်နေထိုင်စားသောက်နေခြင်း (အတူတကွနေထိုင်ရန်မလိုအပ်ပေ)
သို့သော်①②ပါအချက်များနှင့်ကိုက်ညီသူမရှိပါကဆက်ခံသူမှလျှောက်ထားနိုင်သည်။

**<ကျန်ရစ်သူမိသားစု(လျော်ကြေး) အစရှိသည့် ပင်စင်ငွေလက်ခံသူသေဆုံးသွားသောအခါ>**

လျှောက်ထားပိုင်ခွင့်ရှိသောကျန်ရစ်သူမိသားစု..သေဆုံးသွားသောအလုပ်သမား၏ကျန်ရစ်သူမိသားစု(အိမ်ထောင်ဖက်၊ သားသမီး၊မိဘ၊မြေး၊အဘိုးအဘွား၊မောင်နှမ)တို့အနက်နောက်တဆင့်လျှောက်ထားပိုင်ခွင့်ရှိသူ(ပင်စင်ငွေလက်ခံလျက်ရှိသူ၏အိမ်ထောင်ဖက်မဟုတ်ပါ။)

**<လျှောက်ထားရန်နည်းလမ်း>**

ကျေးဇူးပြု၍ ကျန်ရစ်သူမိသားစုမှလုပ်ငန်းခွင်စံချိန်စံညွှန်းကြီးကြပ်ရေးဌာနသို့ တိုက်ရိုက်လျှောက်ထားစာတင်ပြခြင်း။

### ကန့်သတ်ကာလ…အသီးသီးသောအာမခံထောက်ပံ့ငွေများအလားတူ

# လုပ်ငန်းခွင်ဘေးအန္တရာယ်အာမခံထောက်ပံ့ငွေလက်ခံရရှိနေသူ

**Q.** မည်သည့်အချိန်အထိဆေးကုသမှုအတွက်ဆေးရုံသို့ သွားနိုင်ပါသလဲ။

**A.** ဆေးကုသမှု(လျော်ကြေး) အစရှိသည့် ထောက်ပံ့ငွေသည်ဒဏ်ရာပျောက်ကင်းသည်အထိရရှိနိုင်သည်။ သို့သော် ဆေးကုသမှုစတင်ပြီးနောက် 1နှစ်6လကြာပြီးသော်လည်းပျောက်ကင်းခြင်း(သက်သာခြင်း)မရှိပဲထိ ခိုက်မှုပမာဏပြင်းထန်သောအခါတွင်ထိခိုက်ဒဏ်ရာရရှိမှု(လျော်ကြေး) အစရှိသည့် ပင်စင်ငွေကိုရရှိနိုင်သည်။

ထိခိုက်ဒဏ်ရာရရှိမှု(လျော်ကြေး) အစရှိသည့် ပင်စင်ငွေ

<သက်ဆိုင်ရာအာမခံထောက်ပံ့ငွေ ပြုစုစောင့်ရှောက်မှု(လျော်ကြေး) အစရှိသည့် ထောက်ပံ့ငွေ

**<ထောက်ပံ့မှုရယူရန်လိုအပ်သည်များအကြောင်းအရာ>**

ဥပဒေဖြင့်သတ်မှတ်ထားသောထိခိုက်ဒဏ်ရာပမာဏနှင့်ကိုက်ညီပြီးထိုအခြေအနေဆက်လက် ဖြစ်ပေါ်နေလျှင် ထိခိုက်ဒဏ်ရာရရှိမှု(လျော်ကြေး) အစရှိသည့် ပင်စင်ငွေ၊ထိခိုက်ဒဏ်ရာရရှိမှုအထူးထောက်ပံ့ငွေ၊ ထိခိုက်ဒဏ်ရာရရှိမှု အထူးပင်စင် ငွေထောက်ပံ့သည်။

| ထိခိုက်ဒဏ်ရာ ရရှိမှုပမာဏ | ထိခိုက်ဒဏ်ရာရရှိမှု(လျော်ကြေး) အစရှိသည့် ပင်စင်ငွေ | ဒဏ်ရာအနာတရအထူး ထောက်ပံ့ငွေ(တလုံးတခဲ တည်းပေးငွေ) | ထိခိုက်ဒဏ်ရာအထူးပင်စင်ငွေ |
|---|---|---|---|
| အဆင့်1 | တစ်ရက်စာအခြေခံထောက်ပံ့မှုပမာဏ၏313ရက်စာ | 1,140,000ယန်း | တစ်ရက်စာအခြေခံထောက်ပံ့မှုပမာဏ၏313ရက်စာ |
| အဆင့်2 | တစ်ရက်စာအခြေခံထောက်ပံ့မှုပမာဏ၏277ရက်စာ | 1,070,000ယန်း | တစ်ရက်စာအခြေခံထောက်ပံ့မှုပမာဏ၏277ရက်စာ |
| အဆင့်3 | တစ်ရက်စာအခြေခံထောက်ပံ့မှုပမာဏ၏245ရက်စာ | 1,000,000ယန်း | တစ်ရက်စာအခြေခံထောက်ပံ့မှုပမာဏ၏245ရက်စာ |

**<သတိပြုရန်>**

လျှောက်ထားချက်များအရထောက်ပံ့ခြင်းမဟုတ်ပဲလုပ်ငန်းခွင်စံချိန်စံညွှန်းကြီးကြပ်ရေးဌာနမှူးမှ ဆုံးဖြတ်သည်။

**Q.** အလုံးစုံပျောက်ကင်းခြင်းမရှိသေးသော်လည်း ပျောက်ကင်းပြီဟုသတ်မှတ်ခံရသောအခါမျိုးတွင်လျော်ကြေး တစ်မျိုးမျိုးရရှိနိုင်ပါသလား။

**A.** လုပ်ငန်းခွင်အာမခံတွင်သက်သာလာသော်လည်းဤထက်ပို၍သက်သာလာနိုင်ခြင်းမရှိသည်ကိုလည်း ပျောက်ကင်းသည်ဟုဆိုလေ့ရှိသည်။ပျောက်ကင်းပြီးနောက်ပိုင်းမသန်စွမ်းအခြေအနေကျန်ရှိနေသည့် အခြေအနေမျိုးတွင်ထိုနစ်နာမှုအပေါ် မသန်စွမ်း(လျော်ကြေး) အစရှိသည့် ထောက်ပံ့ငွေကိုလက်ခံရယူနိုင်သည်။

**မသန်စွမ်း(လျော်ကြေး) အစရှိသည့် ထောက်ပံ့ငွေ**

<သက်ဆိုင်ရာအာမခံထောက်ပံ့ငွေ>
ပြုစုစောင့်ရှောက်မှုခံယူခြင်း(လျော်ကြေး) အစရှိသည့် ထောက်ပံ့ငွေ၊ ပြင်ပလူနာအနေဖြင့် စောင့်ရှောက်မှုခံယူခြင်း၊ ခွဲစိတ်ကုသပြီးနောက်လုပ်ဆောင်ချက်၊ ခြေတုလက်တုစသောအကူကိရိယာများအတွက် စရိတ်ထောက်ပံ့ခြင်း

**<ထောက်ပံ့မှုအတွက်လိုအပ်ချက်များ၊ အကြောင်းအရာ>**

အလုပ်လုပ်နေစဉ်သို့မဟုတ်အလုပ်အသွားအပြန်ကြောင့်ဖြစ်ပေါ်သောထိခိုက်ဒဏ်ရာများ၊ ရောဂါများပျောက်ကင်း(သက်သာ)ချိန်တွင် ရုပ်ပိုင်းဆိုင်ရာထိခိုက်မှုကျန်ရှိနေပြီး ဥပဒေဖြင့်သတ်မှတ်ထားသော ထိခိုက်ဒဏ်ရာရမှုအဆင့်များနှင့် ကိုက်ညီသောအခါထိုထိခိုက်ဒဏ်ရာအဆင့်နှင့်ကိုက်ညီစွာအသီးသီးသောပင်စင်ငွေသို့မဟုတ် တလုံးတခဲတည်းပေးငွေများထောက်ပံ့ရမည်။

| ထိခိုက်ဒဏ်ရာရမှုအဆင့်များ | မသန်စွမ်းဖြစ်ခြင်း(လျော်ကြေး) အစရှိသည့် ထောက်ပံ့ငွေ | | ထိခိုက်ဒဏ်ရာရမှုအထူးထောက်ပံ့ငွေ | | ထိခိုက်ဒဏ်ရာရရှိမှုအထူးပင်စင်ငွေ | | ထိခိုက်ဒဏ်ရာရရှိမှုအထူးတလုံးတခဲတည်းပေးငွေ | |
|---|---|---|---|---|---|---|---|---|
| အဆင့်1 | ပင်စင်ငွေ | တစ်ရက်စာအခြေခံထောက်ပံ့မှုပမာဏ၏ 313ရက်စာ | တလုံးတခဲ တည်းပေးငွေ | 3,420,000 ယန်း | ပင်စင်ငွေ | တစ်ရက်စာအခြေခံတွက်ချက်မှုပမာဏ၏ 313ရက်စာ | | |
| အဆင့်2 | | ။ 277ရက်စာ | | 3,200,000 ယန်း | | ။ 277ရက်စာ | | |
| အဆင့်3 | | ။ 245ရက်စာ | | 3,000,000 ယန်း | | ။ 245ရက်စာ | | |
| အဆင့်4 | | ။ 213ရက်စာ | | 2,640,000 ယန်း | | ။ 213ရက်စာ | | |
| အဆင့်5 | | ။ 184ရက်စာ | | 2,250,000 ယန်း | | ။ 184ရက်စာ | | |
| အဆင့်6 | | ။ 156ရက်စာ | | 1,920,000 ယန်း | | ။ 156ရက်စာ | | |
| အဆင့်7 | | ။ 131ရက်စာ | | 1,590,000 ယန်း | | ။ 131ရက်စာ | | |
| အဆင့်8 | တလုံးတခဲတည်းပေးငွေ | ။ 503ရက်စာ | | 650,000 ယန်း | | | တလုံးတခဲတည်းပေးငွေ | တစ်ရက်စာအခြေခံထောက်ပံ့မှုပမာဏ၏ 503ရက်စာ |
| အဆင့်9 | | ။ 391ရက်စာ | | 500,000 ယန်း | | | | ။ 391ရက်စာ |
| အဆင့်10 | | ။ 302ရက်စာ | | 390,000 ယန်း | | | | ။ 302ရက်စာ |
| အဆင့်11 | | ။ 223ရက်စာ | | 290,000 ယန်း | | | | ။ 223ရက်စာ |
| အဆင့်12 | | ။ 156ရက်စာ | | 200,000 ယန်း | | | | ။ 156ရက်စာ |
| အဆင့်13 | | ။ 101ရက်စာ | | 140,000 ယန်း | | | | ။ 101ရက်စာ |
| အဆင့်14 | | ။ 56ရက်စာ | | 80,000 ယန်း | | | | ။ 56ရက်စာ |

**<လျှောက်ထားသည့်နည်းလမ်း>**

ကျေးဇူးပြု၍ ကာယကံရှင်မှလုပ်ငန်းခွင်စံချိန်စံညွှန်းကြီးကြပ်ရေးဌာနထံတိုက်ရိုက်လျှောက်ထားခြင်း

ကန့်သတ်ကာလ…ဒဏ်ရာများပျောက်ကင်းပြီးနောက်နေ့မှ5နှစ်

[အသေးစိတ်မှာ] အပိုင်း2 · မသန်စွမ်းဖြစ်ခြင်း (လျော်ကြေး) အစရှိသည့် ထောက်ပံ့ငွေ → P18သို့
· မသန်စွမ်းဖြစ်ခြင်း(လျော်ကြေး) အစရှိသည့် ထောက်ပံ့ငွေ လျှောက်ထားလျှာ → P43သို့

# ရောဂါဝေဒနာကျန်ရှိသည့်အတွက်ထောက်ပံ့ငွေ အစရှိသည့်လျှောက်ထားသည့် လုပ်ထုံးလုပ်နည်း

လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိခြင်း

↓

ကုသခြင်း

↓

ရောဂါလက္ခဏာမသက်သာခြင်း

↓

လုပ်ငန်းရှင်ထံမှ**တောင်းခံစာ** တွင်ထောက်ခံချက်ရယူပါ

<ပူးတွဲစာရွက်စာတမ်း>

ဝါတ်မှန်များ
ဝထပ်တူညီသည့်အကြောင်းရင်းဖြင့် ထိခိုက်ဒဏ်ရာရရှိမှုလူမှုဖူလုံရေးပင်စင်ငွေ နှင့်အခြေခံပင်စင်ငွေစသည်တို့ လက်ခံ လျှက်ရှိလျှင်ထောက်ပံ့ ငွေပမာဏကို အထောက်အထားပြသနိုင်သည့်အရာ

**တောင်းခံစာ**ကိုလုပ်ငန်းခွင်စံချိန်စံညွှန်းကြီးကြပ်ရေးဌာနသို့ ပေးပို့ခြင်း

↓

ရောဂါလက္ခဏာမသက်သာခြင်းနှင့် ထိခိုက်ဒဏ်ရာရရှိမှုအဆင့်သတ်မှတ်ရာတွင်လိုအပ်သလိုအထူးကုဆရာဝန်၏ ထောက်ခံချက်ကို ရယူရသည်လည်းရှိသည်။

တောင်းခံစာလက်ခံရရှိပြီး နောက်ထောက်ပံ့ရန်သတ်မှတ်သည်အထိကာလမှာ အကြမ်းဖျဉ်း 3လဖြစ်သော်လည်း အခြေအနေပေါ် မူတည်ပြီး 3လအထက်ကြာသည်လည်းရှိသည်။

ထိခိုက်ဒဏ်ရာရရှိမှုအဆင့် သတ်မှတ်ခြင်း

↓

ကာယကံရှင်ထံအာမခံထောက်ပံ့ငွေပေးမည်ဖြစ်ကြောင်းအသိပေးခြင်း

မသန်စွမ်းဖြစ်ခြင်း(လျော်ကြေး) အစရှိသည့် ထောက်ပံ့ငွေတောင်းခံလွှာ (လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိချိန် အလုပ်ရှင်မတူသည့် တစ်ခုထက်ပိုသော လုပ်ငန်းခွင်များကြောင့် ထိခိုက်ဒဏ်ရာရခြင်း တွင် ပုံစံနံပါတ်10 ဖြစ်ပြီး အလုပ်အသွားအပြန် ထိခိုက် ဒဏ်ရာ ရရှိမှုအတွက် ပုံစံနံပါတ် 16၏7ဖြစ်သည်။)

သတ်မှတ်ထားသောဘဏ်စာရင်းသို့အာမခံထောက်ပံ့ငွေပေးချေခြင်း။

※အခြားလိုအပ်သောစာရွက်စာတမ်းများကိုတောင်းခံနိုင်သည်။

Q.ပြင်းထန်သောရောဂါဝေဒနာများကျန်နေပြီးမိသားစုနှင့်ပြုစုစောင့်ရှောက်ရေးဝန်ဆောင်မှုများမှပြုစုစောင့်ရှောက်မှုခံယူရသည့်အခါတွင်မည်သည့်လျော်ကြေးများရနိုင်သလဲ။

**A.** သတ်မှတ်ပမာဏအတွင်းရှိပြုစုစောင့်ရှောက်မှု(လျော်ကြေး) အစရှိသည့် ထောက်ပံ့ငွေရရှိနိုင်သည်။

ပြုစုစောင့်ရှောက်မှု(လျော်ကြေး) အစရှိသည့် ထောက်ပံ့ငွေ

<သက်ဆိုင်ရာအာမခံထောက်ပံ့ငွေ> မသန်စွမ်းဖြစ်ခြင်း(လျော်ကြေး) အစရှိသည့် ထောက်ပံ့ငွေ၊ထိခိုက်ဒဏ်ရာရရှိမှု (လျော်ကြေး) အစရှိသည့် ထောက်ပံ့ငွေ

<ထောက်ပံ့ငွေလိုအပ်ချက်>

①~④ရှိအချက်များအားလုံးနှင့်ကိုက်ညီရမည်။

①မသန်စွမ်းဖြစ်ခြင်း(လျော်ကြေး) အစရှိသည့် ထောက်ပံ့ငွေ သို့မဟုတ်ထိခိုက်ဒဏ်ရာရရှိမှု(လျော်ကြေး) အစရှိသည့် ပင်စင်ငွေ၏အဆင့်1 သို့မဟုတ် အဆင့်2တွင် ဦးနှောက်ထိခိုက်မှု၊ ရုပ်ပိုင်းဆိုင်ရာထိခိုက်မှုစသော ထိခိုက်မှုများကျန်ရှိပြီး ပုံမှန်သို့မဟုတ်အရေးပေါ်အချိန်တွင် ပြုစုစောင့်ရှောက်မှုလိုအပ်သော အခြေအနေရှိခြင်း။

②ပုဂ္ဂလိကအခပေးပြုစုစောင့်ရှောက်ရေးဝန်ဆောင်မှု၊ ဆွေမျိုး၊ မိတ်ဆွေများထံမှ လက်ရှိတွင် ပြုစုစောင့်ရှောက်မှုခံယူနေခြင်း။

③ဆေးရုံသို့မဟုတ်ဆေးပေးခန်းများတွင်တတ်ရောက်နေမှုမရှိခြင်း။

④ ပြုစုစောင့်ရှောက်မှု ခံယူနေမှုမရှိခြင်း သို့မဟုတ် ဘိုးဘွားရိပ်သာတွင်ဝင်ရောက်နေထိုင်မှုမရှိခြင်း။

<ထောက်ပံ့မှုအကြောင်းအရာများ>

ထောက်ပံ့ငွေပမာဏသည်ပုံမှန်ပြုစုစောင့်ရှောက်မှုအရေးပေါ်ပြုစုစောင့်ရှောက်မှုစသဖြင့်မတူညီပဲအောက်ပါအတိုင်း အသီးသီးဖြစ်သည်။(2024.3.1)

○ပုံမှန်ပြုစုစောင့်ရှောက်မှု : လစဉ်77,890ယန်း - 172,550ယန်း

○အရေးပေါ်ပြုစုစောင့်ရှောက်မှု : လစဉ်38,900ယန်း-86,280ယန်း

<လျှောက်ထားသည့်နည်းလမ်း>

ကျေးဇူးပြု၍ ကာယကံရှင်မှလုပ်ငန်းခွင်စံချိန်စံညွှန်းကြီးကြပ်ရေးဌာနထံတိုက်ရိုက်လျှောက်ထားနိုင်သည်။

ကန့်သတ်ကာလ…ပြုစုစောင့်ရှောက်မှုခံယူသည့်လ၏နောက်လ1ရက်နေ့မှ2နှစ်


[အသေးစိတ်မှာ] အပိုင်း2

· ပြုစုစောင့်ရှောက်မှု(လျော်ကြေး) အစရှိသည့် → P33သို့

· ပြုစုစောင့်ရှောက်မှု(လျော်ကြေး) အစရှိသည့် ထောက်ပံ့ငွေ လျှောက်ထားစာ → P51သို့


**အခြားထောက်ပံ့မှုစနစ်များ**

- **နောက်ပိုင်းပြုစုစောင့်ရှောက်မှု**
  ထိခိုက်ဒဏ်ရာများပျောက်ကင်း(သက်သာ)ပြီးနောက်ပိုင်းတွင်လဲနောက်ပိုင်းရောဂါလက္ခဏာများအပြောင်းအလဲ သို့မဟုတ် တည်ငြိမ်မှုမရှိခြင်း ရှိနိုင်သည်၊ နောက်ဆက်တွဲဝေဒနာများခံစားရခြင်းဖြစ်နိုင်သည့်အခါမျိုးတွင် ထိုရောဂါလက္ခဏာ (အမျိုးပေါင်း20)နှင့်ပတ်သက်ပြီး 1လလျှင် 1ကြိမ်ဆေးစစ်ခြင်း၊ ကျန်းမာရေးလမ်းညွှန်မှုကို သတ်မှတ်ဘောင်အတွင်းရယူနိုင်သည်။ အချို့ လိုအပ်သော အခြေအနေများတွင် ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှု အစရှိသည်တို့အတွက် ဆေးရုံအသွားအလာ စရိတ်များကို လက်ခံရယူနိုင်သည်။
- **ခြေတုလက်တုအကူကိရိယာစရိတ်ထောက်ပံ့ခြင်း**
  မသန်စွမ်းဖြစ်ခြင်း(လျော်ကြေး) အစရှိသည့် ထောက်ပံ့ငွေရယူနေခြင်းသို့မဟုတ်ရယူမည်ဟုယူဆရပြီး သတ်မှတ်ချက်များ နှင့်ကိုက်ညီသောအခါခြေတုလက်တုအကူကိရိယာဝယ်ယူခြင်း(ပြင်ဆင်ခြင်း)အတွက် လိုအပ်သောစရိတ်များ ကိုစံချိန်စံညွှန်းဘောင်အတွင်းမှထောက်ပံ့သည်။
  တဖန်သတ်မှတ်ချက်များနှင့်ကိုက်ညီလျှင် ၎င်းအတွက် လိုအပ်သောခရီးစရိတ်ကိုလဲထောက်ပံ့သည်
- **ခွဲစိတ်ကုသပြီးနောက်လုပ်ဆောင်ချက်**
  မသန်စွမ်းဖြစ်ခြင်း(လျော်ကြေး)ထောက်ပံ့ငွေလက်ခံထားသောအခါအလုပ်သမားဆေးရုံဆေးခန်းများတွင်ခြေတုလက်တုအတွက် ထပ်မံခွဲစိတ်ခြင်း၊ အမာရွတ်လျော့ပါးစေခြင်းစသောထိခိုက်ဒဏ်ရာများပျောက်ကင်းပြီးနောက်လုပ်ဆောင်သော ဆေးစစ်ခြင်းများကိုမိမိမှ စိုက်ထုတ်ရန်မလိုဘဲရယူနိုင်သည်။ အချို့ လိုအပ်သော အခြေအနေများတွင် ကုသမှုနှင့် ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှုအတွက်သတ်မှတ်ချက်များနှင့် ကိုက်ညီလျှင်ထိုအတွက်ခရီးစရိတ်ကိုလဲထောက်ပံ့ပေးသည်။
- **လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရမှုပညာရေးစရိတ်ထောက်ပံ့ငွေ**
  ကျန်ရစ်သူမိသားစု(လျော်ကြေး) အစရှိသည့် ပင်စင်ငွေစသည်တို့လက်ခံရယူသူများ၊ ကလေးငယ်များသည် ပညာသင်ဆဲ ကာလဖြစ်ပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီလျှင်ထောက်ပံ့မှုရရှိမည်ဖြစ်သည် (လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာ ရရှိမှုပညာရေးထောက်ပံ့စရိတ်သို့မဟုတ်ပြုစုစောင့်ရှောက်စရိတ်)။

# အခြားကိစ္စရပ်များ

**Q.** မိမိအလုပ်လုပ်ကိုင်နေသောကုမ္ပဏီသည်ယခုတခေါက်မတော်တဆမှုသည်လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှုမဟုတ်ဟုယူဆကာပူးပေါင်းဆောင်ရွက်ခြင်းမပြုပဲ လုပ်ငန်းရှင်ထောက်ခံချက်စသည့်လုပ်ထုံးလုပ်နည်းများကိုမပြုလုပ်ပေးပါ။ မည်သို့လုပ်ဆောင်ရပါမလဲ။

**A.** လုပ်ငန်းခွင်အာမခံလုပ်ထုံးလုပ်နည်းများမှာအခြေခံအားဖြင့်နစ်နာသူကိုယ်တိုင်လုပ်ဆောင်ရမည်ဖြစ်သည်။ ကုမ္ပဏီမှလုပ်ငန်းရှင်ထောက်ခံမှုပေးရန်ငြင်းဆန်ခြင်း စသောမတတ်သာသည့်အခါမျိုးတွင်၎င်းမရှိပဲအာမခံလျှောက်လွှာတင်ပြနိုင်သည်။

**Q.** ယခင်ကာလများတွင်ကုမ္ပဏီတွင်ဖြစ်ပွားခဲ့သောမတော်တဆမှုကိုလုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှုဟုသတ်မှတ်နိုင်ပါသလား။

**A.** အာမခံငွေထောက်ပံ့ခြင်းများတွင်သတ်မှတ်ထားသောအချိန်ကာလကိုကျော်လွန်သွားလျှင်ထောက်ပံ့ငွေလက်ခံရန်မဖြစ်နိုင်ပါ။အသီးသီးသောထောက်ပံ့မှုများ၏ကန့်သတ်ကာလကိုစစ်ဆေးပါ။

**Q.** အလုပ်ထွက်ခြင်း၊ ကုမ္ပဏီတည်ရှိနေမှုမရှိတော့သည့်အခါမျိုးတွင်လဲလုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှုလျော်ကြေးရနိုင်ပါသလား။

**A.** ထိုအခြေအနေမျိုးတွင်လဲတောင်းဆိုနိုင်သည်။ထိုအခါမျိုးတွင်လုပ်ငန်းရှင်နှင့်လုပ်ဖော်ကိုင်ဖက်များ၏နေရပ်လိပ်စာနှင့်အမည်ကိုမေးမြန်းလိမ့်မည်။

**Q.** အလုပ်လုပ်နေသောကုမ္ပဏီမှအောက်ပါအတိုင်းပြောကြားခဲ့သည်။ဤအခြေအနေမျိုးတွင်လုပ်ငန်းခွင်အာမခံ ထောက်ပံ့မှုများမရနိုင်ဘူးလား။

①လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှုအာမခံပင်မထားပါ။

②လုပ်ငန်းခွင်အာမခံမဟုတ်သောအာမခံသုံးနိုင်သည်။

**A.** ①ကုမ္ပဏီသည်လုပ်ငန်းခွင်အာမခံမဝင်ထားသော အခြေအနေတွင်လဲ အခြေခံအားဖြင့်အလုပ်သို့မဟုတ်အလုပ်အသွားအပြန်တွင်ထိခိုက်ဒဏ်ရာရရှိခြင်း၊နာ၊မကျန်းခြင်းဖြစ်ခဲ့သော် ထောက်ပံ့ငွေရယူနိုင်သည်။

②ကုမ္ပဏီသို့မဟုတ်အဖွဲ့ အစည်းမှဝင်ရောက်ထားသော စေတနာ့အာမခံစသည်တို့နှင့်အကျုံးဝင်သောအခါတွင်လဲလုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိခြင်း အတွက်ထောက်ပံ့မှုရနိုင်သည်။

※ကုမ္ပဏီမှလျော်ကြေး(ဆေးကုသစရိတ်ထောက်ပံ့ငွေ၊ခွင့်ရက်ထောက်ပံ့ငွေ့ထိခိုက်နစ်နာမှုလျော်ကြေးများ)ပေးရာတွင်ခွင့်မပြုခြင်းသို့မဟုတ်ပမာဏလျှော့ချခြင်းခံရခြင်းစသည့်အခြေအနေမျိုးရှိသည်။

**Q.** အောက်ပါအခြေအနေမျိုးတွင်လုပ်ငန်းခွင်အာမခံမှ ထောက်ပံ့ငွေရနိုင်ပါသလား။
①အလုပ်အသွားအပြန်တွင်စက်ဘီးတိုက်မိပြီးဒဏ်ရာရခဲ့ပါသည်။မည်သူနှင့်တိုက်မိခဲ့ကြောင်း မမှတ်မိတော့ပါ။
②ပုံမှန်သွားနေကျလမ်းမဟုတ်သည့်လမ်းမှအလုပ်သွားနေစဉ်ဒဏ်ရာရခဲ့ပါသည်။

**A.** ①လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှုအာမခံမှ ထောက်ပံ့ငွေရယူနိုင်ပါသည်။
②သတ်မှတ်ချက်များနှင့်ပြည့်စုံလျှင်အာမခံကြေးရနိုင်ပါသည်။

**အလုပ်အသွားအပြန်ထိခိုက်ဒဏ်ရာရရှိခြင်း**

အလုပ်အသွားအပြန်ထိခိုက်ဒဏ်ရာရရှိခြင်းဆိုသည်မှာအလုပ်သမားသည်အလုပ်အသွားအပြန်တွင်ထိခိုက်ဒဏ်ရာရရှိခြင်းဖြစ်သည်။

'အလုပ်အသွားအပြန်'ဆိုသည်မှာအလုပ်သမားသည်အလုပ်တက်ရန်အတွက်①မှ③တို့၏လှုပ်ရှားမှုတွင် ယုတ္တိကျသော နည်းလမ်းဖြင့်လုပ်ဆောင်ခြင်းဖြစ်သည်။ (တာဝန်ဖြင့်သွားလာခြင်းမပါပါ။)

①နေအိမ်နှင့်လုပ်ငန်းခွင်ကြားအသွားအပြန်

②အလုပ်သမားဝန်ကြီးဌာနမှသတ်မှတ်သော လုပ်ငန်းခွင်မှအခြားလုပ်ငန်းခွင်သို့ရွှေ့ပြောင်းခြင်း (လုပ်ငန်းအမြောက်အမြားရှိသော လုပ်ငန်းရှင်များ၏အလုပ်တစ်ခုမှတစ်ခုရွှေ့ပြောင်းမှု)

①③ရှိအသွားအပြန်မတိုင်မီနှင့်နောက်ပိုင်းရွှေ့ပြောင်းမှု (အလုပ်သမားဝန်ကြီးဌာန၏သတ်မှတ်ချက်နှင့် ကိုက်ညီသည့်အရာ)

**<ထောက်ပံ့သည့်အကြောင်းအရာ>**

တာဝန်ကြောင့်ထိခိုက်ဒဏ်ရာရရှိသည့်အခြေအနေနှင့်အလားတူ အလုပ်ရှင်မတူသည့်တစ်ခုထက်ပိုသော လုပ်ငန်းခွင်များကြောင့်ထိခိုက်ဒဏ်ရာရခြင်း(နားရက်ထောက်ပံ့ငွေနှင့်ပတ်သက်ပြီးကျခံသည့်ငွေတစိတ်တပိုင်း အနေဖြင့်ပထမအကြိမ်ထောက်ပံ့သည့်ပမာဏမှ 200ယန်းနုတ်ယူပါသည်။)

**<လျှောက်ထားသည့်နည်းလမ်း>**

တာဝန်ကြောင့်ထိခိုက်ဒဏ်ရာရရှိသည့်အခြေအနေနှင့်အလားတူ အလုပ်ရှင်မတူသည့်တစ်ခုထက်ပိုသော လုပ်ငန်းခွင်များကြောင့် ထိခိုက်ဒဏ်ရာရခြင်း

ပူးတွဲစာရွက်စာတမ်း : မတော်တဆမှုထောက်ခံစာ(ယာဉ် မတော်တဆမှုဖြစ်လျှင်)များ

**[အသေးစိတ်မှာ] အပိုင်း 2** ・အလုပ်သွားအလုပ်ပြန် ထိခိုက်ဒဏ်ရာရရှိခြင်း → P6သို့

**Q.** အလုပ်အသွားအပြန်တွင်ယာဉ်မတော်တဆမှုကြောင့်ဒဏ်ရာရခဲ့သည်။တဖက်လူ ဝင်ရောက်ထားသောယာဉ်အာမခံများမှအာမခံငွေကြေးရရှိသည့်အခါမျိုးတွင်လဲလုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရရှိခြင်းအာမခံမှထောက်ပံ့ငွေယူနိုင်သလား။

**A.** လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှုထောက်ပံ့ငွေရယူနိုင်သော်လည်းထပ်တူညီသောအကြောင်း ရင်းဖြင့်ထောက်ပံ့ထားသောပမာဏသည်ယာဉ်မတော်တဆမှုအာမခံများမှ ရငွေကိုနုတ်ယူထား သောပမာဏဖြစ်မည်။ တဖန်ခွင့်ရက်ယူထားသောအခြေအနေ နှင့်နောက်ပိုင်းရောဂါလက္ခဏာ ကျန်ရှိနေချိန်တွင်ပေးချေသောအထူးထောက်ပံ့ငွေ မှာယာဉ်မတော်တဆမှုအာမခံများမှ ရငွေနှင့်မသက်ဆိုင်ပဲသီးသန့်ပေးချေမည် ဖြစ်သည်။

# မိမိနိုင်ငံပြန်ချိန်တွင်သတိပြုရမည်များ

**<ဂျပန်နိုင်ငံပြင်ပမှတောင်းခံသည့်အခါဆောင်ရွက်ပုံ>**

### အာမခံထောက်ပံ့ငွေ

ထောက်ပံ့ငွေပမာဏသည်ထောက်ပံ့ရန်ဆုံးဖြတ်သည့်နေ့ရှိနိုင်ငံခြားငွေလဲနှုန်း(အရောင်းဈေး)ဖြင့်တွက်ချက်ထားသောယန်းဈေးဖြစ်သည်။

### နိုင်ငံရပ်ခြားတွင်ဆေးကုသမှုခံယူသောအခါ

ဆေးကုသမှုသည်သင့်တော်သည်ဟုယူဆခြင်းခံရလျှင်ထောက်ပံ့ငွေပေးမည်။(ဆေးကုသမှုအတွက်လိုအပ်သောကုန်ကျစရိတ်ကိုပေးအပ်မည်)

### ဂျပန်ပြည်တွင်းအတွက်သာဖြစ်သောအဓိကထောက်ပံ့မှုစနစ်

- နောက်ပိုင်းစောင့်ရှောက်မှု
- ခြေတုလက်တုစသည့်ကိရိယာကုန်ကျစရိတ်ထောက်ပံ့မှု (တွန်းလှည်းစသည့်ထောက်ပံ့နိုင်သည့်အခြေအနေများ)
- ခွဲစိတ်ကုသပြီးနောက်လုပ်ဆောင်ချက်
- လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှုပညာသင်စရိတ်ထောက်ပံ့ငွေ(ဂျပန်ပြည်တွင်းရှိကျောင်း တွင်တက်နေသည့်အခါ)

→ P13 သို့

(R6.3)